# Ash Wednesday - C

## 1st READING: *Joel:2:12-18*

ယောလအနာဂတ္တိကျမ်း ၂း ၁၂–၁၈

သို့ဖြစ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယခုတွင် အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့် တကွ၊ စိတ်နှလုံးအကြွင်းမဲ့၊ ငါ့ထံသို့ပြန်လာကြလော့။ အဝတ်ကိုမဆုတ်ဘဲ နှလုံးကိုဆုတ်လျက်၊သင်တို့ ၏ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လာကြလော့။ ချစ်သနားခြင်း မေတ္တာကရုဏာနှင့် ပြည့်၍ စိတ်ရှည်သောသဘော၊ အလွန်ကျေးဇူးပြုချင်သော သဘော၊ အပြစ်ပေးခြင်းကို နောင်တရတတ်သော သဘောရှိတော်မူ၏။ သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားအား ဘောဇဉ်ပူဇော် သက္ကာ နှင့် သွန်းလောင်းရာပူဇော်သက္ကာကို ဆက်ကပ် ရန်ဖြစ်စေခြင်းငှါ၊ ဘုရားသခင်သည် တဖန်ပြန် လာ၍ နောင်တရပြီးလျှင်၊ ကောင်းကြီးမင်္ဂလာကို ထားရစ်စေတော်မူ မည်မမူမည်။ အဘယ်သူသိနိုင်သ နည်း။ ဇိအုန်တောင်ပေါ်မှာ တံပိုးကိုမှုတ်ကြလော့။ အစာရှောင်ရသောအချိန်ကို ခန့်ထား၍၊ ဗြိုးခြံစွာကျင့်ရ သော အချိန် ကိုကြော်ငြာကြလော့။ လူများတို့ကိုခေါ်၍၊ စုဝေးသောပရိသတ်တို့ကို သန့်ရှင်းစေ ကြလော့။ အသက်ကြီး သောသူတို့ကိုငှင်း၊ ငယ်သောသူနှင့် နို့စို့သောသူတို့ကိုငှင်း စုဝေးစေကြလော့။ မင်္ဂလာဆောင်လုလင်သည် မိမိ အခန်းထဲကငှင်း၊ မင်္ဂလာဆောင်သတို့သမီးသည် မိမိကွယ်၍နေသော ကုလားကာတွင်းကငှင်းထွက်စေ။ ထာဝရဘုရား၏ အမှုတော်စောင့်၊ ယဇ်ပုရောဟိတ်တို့သည် အိမ်တော်ဦးနှင့် ယဇ်ပလ္လင် စပ်ကြားမှာ ငိုကြွေးလျက်၊အိုထာဝရဘုရား၊ ကိုယ်တော်၏ လူများကို သနားတော်မူပါ။ တပါးအမျိုးသားတို့သည် အစိုးရ၍၊ အမွေတော်လူ တို့ကို ကဲ့ရဲ့စေခြင်းငှါ အပ်နှံတော်မမူပါနှင့်။ သူတို့ဘုရားသခင်ကား၊ အဘယ်မှာရှိသနည်းဟု တပါးအမျိုးသား တို့သည် အဘယ်ကြောင့်ဆိုရကြပါသနည်းဟု လျှောက်ကြစေ။ သို့ပြုလျှင်၊ ထာဝရဘုရားသည် ပြည်တော်ကို မစချင်သောစိတ်အားကြီး၍ မိမိလူတို့ကို ကယ်မသနားတော်မူလိမ့်မည်။

## Responsorial Psalm  Psalm  51:3-4, 5-6, 12-13, 14, 17

**ဆာလံကျမ်း         ၅၁း ၃–၄။  ၅–၆။  ၁၂–၁၃။  ၁၄။ ၁၇**

**၃–၄။**တပည့်တော်သည်မိမိ၏အမှားများကိုသိမှတ်ဝန်ခံပါ၏။တပည့်တော်၏အပြစ်သည်မိမိ၏ရှေ့မှောက်တွင်အမြဲရှိပါ၏။တပည့်တော်သည်ကိုယ်တော်ကိုပြစ်မှားမိပါ၏။ကိုယ်တော်ကိုသာလျှင်ပြစ်မှားခြင်းဖြစ်ပါ၏။ ကိုယ်တော်ရှေ့မှောက်တော်တွင်ဒုစရိုက်ဖြစ်သည့်အမှုကိုတပည့်တော်ပြုပါ၏။ သို့ဖြစ်၍၊ ကိုယ်တော်သည်တပည့်တော်အားတရားစီရင်တော်မူသည်မှာလျော် ညီပါ၏။ တပည့်တော်အားအပြစ်ဒဏ်ပေးတော်မူသည်မှာလည်းအပြစ်ဆိုဖွယ်မရှိပါ၊

**၅–၆။**  တပည့်တော်မွေးဖွားချိန်မှစ၍၊ အပြစ်ကျူးလွန်သူဖြစ်ခဲ့ပါ၏။ အမိဝမ်းတွင်းသန္ဓေတည်သည့်အချိန်မှစ၍အပြစ်ရှိခဲ့ပါ၏။ အမှန်စင်စစ်အတွင်းစိတ်၌ဖြောင့်မတ်ခြင်းကို ကိုယ်တော် လိုလား တော်မူပါ၏။ တပည့်တော်၏အတွင်းစိတ်နှလုံး၌ဉာဏ်ပညာတော်ကိုသွန်သင်ပေးတော်မူပါ။

**၁၂–၁၃။**ကိုယ်တော်၏ကယ်တင်တော်မူခြင်းကျေးဇူးတော်ကြောင့်ခံစားရသည့်ရွှင်လန်းခြင်းကိုတပည့်တော်အားပြန်လည်၍ ပေးသနားတော်မူပါ။စေတနာစိတ်ကိုတပည့်တော်၏အတွင်း၌ဆက်လက်ထိန်းသိမ်းထားတော်မူပါ  ထိုအခါတပည့်တော်သည်အပြစ်ကျူးလွန်သူတို့အားကိုယ်တော်၏လမ်းစဉ်များကိုသင်ကြားပေးပါမည်။ သူတို့သည်လည်းကိုယ်တော့်အထံတော်သို့ပြန်လာကြပါလိမ့်မည်။

၁၄။ပါလိမ့်မည်။အိုဘုရားတပည့်တော်ကိုကယ်တင်တော်မူသောဘုရား၊သွေးထွက်သံယိုဖြစ်မှုမှတပည့်တော်၏လျှာသည်လည်းကိုယ်တော်၏ဖြောင့်မတ်မှန်ကန်ခြင်းကိုသီဆိုဇကျူးပါမည်။

၁၇။ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား၊ကြေကွဲ သောစိတ်ပေတည်း။ အိုဘုရားသခင်ကိုယ်တော်သည်ကြေကွဲ၍၊ နောင်တရသောစိတ်နှလုံးကိုပစ်ပယ်တော်မူလိမ့်မည်မဟုတ်ပါ။

## 2nd READING: 2 Corinthians 5:20 – 6:2

ကော်ရင့်သုဩဝါဒစာ ဒုတိယစာစောင် ၅း၂၀–၆း ၂

သို့ဖြစ်၍၊ငါတို့သည်ခရစ်တော်၏သံတမန်များဖြစ်ကြ၍၊ဘုရားသခင်ကိုယ်တော်တိုင်ပင်ငါတို့မှတဆင့်သင်တို့ကိုမေတ္တာရပ်ခံတော်မူ၏။ သင်တို့သည်ဘုရားသခင်နှင့်ပြန်လည်ကျေအေးသင့်မြတ်ကြရန်ခရစ်တော်၏ ကိုယ်စားငါတို့တောင်းပန်ပါ၏။ ငါတို့သည်ဘုရားသခင်၏ဖြောင့်မတ်တော်ခြင်းကိုခံစားနိုင်ကြရန် ကိုယ်တော်သည်အပြစ်ကင်းစင်သောခရစ်တော်ကိုငါတို့အတွက်ကြောင့်အပြစ်ရှိသူကဲ့သို့ဖြစ်စေတော်မူခဲ့၏။ ငါတို့သည်ဘုရားသခသင်နှင့်အတူဆောင်ရွက်လျက်ရှိသည်ဖြစ်၍၊သင်တို့အားတောင်းပန်လိုသည်ကား၊သင်တို့သည်ဘုရားသခင်ကျေးဇူးတော်ကိုအကျိုးမဲ့မဖြစ်စေကြနှင့်။ အကြောင်းမူကား၊ကျမ်းစာ၌ဘုရားသခင်က “ငါသည်သင်တို့ကိုကျေးဇူးပြုရန်လက်ခံဘွယ်အချိန်ကျရောက်သောအခါသင်တို့လျှောက်ထားချက်ကိုနားညောင်းခဲ့လေပြီ။ ကယ်တင်သောနေ့ရက်ကျရောက်သောအခါ၊သင်တို့အားမစတော်မူခဲ့လေပြီ” ဟုမိန့်တော်မူ၏။ ထိုကျေးဇူးတော်ပြုတော်မူခြင်းကိုခံယူရမည့်အချိန်ကား၊ယခုပင်ဖြစ်၏။ ကယ်တင်ခြင်း၏ နေ့ရက်သည်ကား၊ယနေ့ပင်ဖြစ် သတည်း။

## **GOSPEL:** ***Matthew 6:1-6, 16-18***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၆း ၁–၆။ ၁၆–၁၈**

သင်တို့၏ကုသိုလ်ကောင်းမှုကိုလူများမြင်စေခြင်းငှာ၊ သူတို့ရှေ့မျက်မှောက်တွင်မပြုရန်သတိပြုကြလော့၊ သို့မဟုတ်လျှင်ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့၏အဖထံတော်မှအကျိုးကျေးဇူးမခံစားရဘဲရှိလိမ့်မည်။ ထို့ကြောင့်သင်သည်လှုဒါန်းပေးကမ်းသောအခါလူတို့၏ချီးမွမ်းခြင်းခံရအောင်တရားဇရပ်များနှင့်လမ်းများပေါ်တွင်လှုဒါန်းကြသောသူတော်ကောင်းယောင်ဆောင်သူများပြုကဲ့သို့ထင်ပေါ်ကျော်ကြားအောင်မပြုလေနှင့်၊ သင်တို့အားငါအမှန်ဆိုသည်ကားထိုသူတို့သည်မိမိတို့အကျိုးကိုရရှိကြပြီးဖြစ်သည်။ သို့သော်သင်မူကားလှုဒါန်းပေးကမ်းသောအခါသင်၏လကျာ်လက်ပြုသောအမှုကိုလက်ဝဲလက်မသိစေနှင့်၊ ဤသို့ဖြစ်လျှင်သင်၏အလှုသည်မထင်မရှားရှိ၍မထင်မရှားပြုသောအမှုကိုမြင်တော်မူသောသင်၏အဖသည်သင့်အားဆုကျေးဇူးပေးသနားတော်မူလိမ့်မည်။သင်တို့သည်ဆုတောင်းပတ္ထနာပြုသောအခါလူတို့မြင်စေခြင်းငှာတရားဇရပ်များနှင့်လမ်းဆုံလမ်းခွများတွင်ရပ်လျက်ဆုတောင်းခြင်းကိုပြုလိုကြသောသူတော်ကောင်းယောင်ဆောင်သူတို့ကဲ့သို့မပြုကြနှင့်၊ သင်တို့အားငါအမှန်ဆိုသည်ကားသူတို့သည်မိမိတို့အကျိုးကိုရရှိကြပြီးဖြစ်သည်။သင်မူကားဆုတောင်းသောအခါသင်၏အခန်းတွင်းသို့ဝင်၍တံခါးကိုပိတ်ပြီးမှဆိတ်ကွယ်ရာ၌သင်၏အဖထံဆုတောင်းလော့၊ ဆိတ်ကွယ်ရာ၌ပြုသောဆုတောင်းခြင်းကိုမြင်တော်မူသောသင်၏အဖသည်သင့်ကိုဆုကျေးဇူးပေးသနားတော်မူလိမ့်မည်။ သင်တို့သည်အစာရှောင်ခြင်းကိုပြုကြသောအခါသူတော်ကောင်းယောင်ဆောင်သူတို့ကဲ့သို့မျက်နှာမသာမယာညှိုးငယ်ခြင်းမရှိကြနှင့်၊ အကြောင်းမူကားသူတို့သည်မိမိတို့အစာရှောင်နေကြသည်ကိုလူများမြင်စေခြင်းငှာညှိုးငယ်သောမျက်နှာအသွင်ကိုဆောင်ကြ၏၊သင်တို့အားငါအမှန်ဆိုသည်ကားသူတို့သည်မိမိတို့အကျိုးကိုရရှိကြပြီးဖြစ်သည်။ သင်မူကားအစာရှောင်သောအခါသင်၏ဦးခေါင်းကိုဆီလိမ်းကျံ၍မျက်နှာကိုသစ်လော့၊ဉင်အစာရှောင်နေသည်ကိုလူတို့မြင်စေရန်မဟုတ်ဘဲမျက်စိနှင့်မမြင်နိုင်သောသင်၏အဖမြင်တော်မူစေရန်ဖြစ်၏။ ဆိတ်ကွယ်ရာ၌ပြုသောအရာတို့ကိုမြင်တော်မူသောသင်၏အဖသည်သင့်ကိုဆုကျေးဇူးပေးသနားတော်မူလိမ့်မည်။